**အင်္ဂါနေ့၊ ဖေဖော်ဝါရီ ၂၄၊ နံနက် ၁၀ နာရီ ၄၈ မိနစ်။**

ဒေါက်တာဟဲရစ်၏ ရုံးခန်းထဲတွင် မေ့ဆေး၊ ထုံဆေးပညာနှင့် ပတ်သက်သော နောက်ဆုံးထုတ် စာအုပ်များ စင်တစ်စင် အပြည့်ရှိသည်။ အချို့ဆိုလျှင် စာအုပ်ပင် မဖြစ်သေးဘဲ စာစီပြီး စာမျက်နှာများကို ဒေါက်တာဟဲရစ် ပြင်ဆင်တည်းဖြတ်ရန်အတွက် ကြိုတင်ပေးပို့ထားခြင်းများ ဖြစ်သည်။ ဆူဆန်အဖို့ကား ယင်းတို့သည် ဘဏ်တိုက်ကြီးပင် ဖြစ်တော့သည်။ စာအုပ်အမည်များကို ဖတ်သည်။ ရောဂါဆင့်ပွားခြင်းအကြောင်း အထူးရေးသားသည့် စာအုပ်ကို ရှာသည်။ တစ်အုပ်တွေ့သည်။ စာအုပ်အမည်နှင့် ထုတ်ဝေသည့်တိုက်တို့ကို ရေးမှတ်သည်။ ထို့နောက် အထွေထွေ ရေးသားသည့် စာအုပ်ကို ရှာသည်။ သူမ၏ မျက်လုံးများက စာအုပ်တစ်အုပ်ကို တွေ့ရှိပြန်သည်။ ဆူဆန်က စိတ်ဝင်စားစွာဖြင့် ယင်းစာအုပ်ကို ဆွဲယူပြီး ကြည့်သည်။ အခန်းခေါင်းစီးများကို ကြည့်သည်။ ဒီစာအုပ်ကို သူမ အရင်ဆုံး ဖတ်ရှုလိုသည်။

အခန်းတံခါးပွင့်လာသဖြင့် ဆူဆန် မော့ကြည့်လိုက်သည်။ ဒေါက်တာဟဲရစ်ကို တွေ့ရှိရသည်။ သူ့ကို ဒုတိယအကြိမ် တွေ့မြင်ဖူးခြင်းပင် ဖြစ်သည်။ ဒေါက်တာဟဲရစ်ကမူ သူမကို မှတ်မိဟန် မရှိချေ။ ဖော်ရွေဟန်လည်း မရှိချေ။ သူမကို တည်တည်ထည်ထည်ကြီး ကြည့်နေသည်။

ဒေါက်တာဟဲရစ်ကို သူ့အခန်းထဲမှ စောင့်ဆိုင်းနေရန် ဆူဆန် မရည်ရွယ်ခဲ့ပါ။ သူ၏ အတွင်းရေးမှူးက အခန်းထဲမှ စောင့်နေပါဆိုသဖြင့် စောင့်နေရခြင်း ဖြစ်သည်။ ယခုတော့ ဆူဆန် ကသိကအောက် ဖြစ်နေရသည်။ ကျူးကျော်ဝင်ရောက်သူ တစ်ဦးလို ဖြစ်နေရသည်။ သူ့စာအုပ်တစ်အုပ်ကို လက်ထဲတွင် ကိုင်ထားမိသည်က ပို၍ ဆိုးပါသည်။

"စာအုပ်ကို မင်းယူတဲ့နေရာမှာ သေသေချာချာ ပြန်ထားပါ"

ဒေါက်တာဟဲရစ်က တံခါးကိုပိတ်လိုက်ရင်း ပြောသည်။ သူက ကလေးတစ်ယောက်ကို ပြောသလိုမျိုး ပြောခြင်းဖြစ်သည်။ သူက ဝတ်ရုံဖြူကြီးကို ချွတ်လိုက်ပြီး တံခါးရွက်ပေါ်ရှိ ချိတ်တွင် ချိတ်လိုက်သည်။ ထို့နောက် သူသည် ဘာတစ်ခွန်းမှ မပြောတော့ဘဲ စားပွဲတွင် သွားထိုင်သည်။ လယ်ဂျာစာအုပ်ကြီး တစ်အုပ်ကိုဖွင့်ပြီး မှတ်စုများ ရေးမှတ်နေသည်။ သူလုပ်နေပုံက အခန်းထဲတွင် ဆူဆန် မရှိသကဲ့သို့ပင် ဖြစ်သည်။

ဆူဆန်က စာအုပ်ကို ပိတ်လိုက်ပြီး စင်တွင် ပြန်ထည့်ထားလိုက်သည်။ ထို့နောက် စောစောက မိနစ်သုံးဆယ်လုံးလုံး ထိုင်စောင့်နေခဲ့သော ကုလားထိုင်သို့ ပြန်သွားသည်။

တစ်ခုတည်းသော ပြတင်းပေါက်သည် ဟဲရစ်၏ နောက်ဘက် တည့်တည့်တွင် ဖြစ်သည်။ ပြတင်းပေါက်မှ အလင်းရောင်နှင့် မီးချောင်းမှ အလင်းရောင်တို့ကြောင့် ဟဲရစ်သည် ထူးဆန်းသော အရောင်တစ်မျိုး ဖြစ်နေတော့သည်။ ပြတင်းပေါက်မှလာသော အလင်းရောင်သည် သူမတည့်တည့်ကြီး ထိုးနေသဖြင့် သူမက မျက်လုံးများ လွှဲဖယ်ထားရသည်။

သူ၏ အသားက နီညိုရောင် ဖျော့ဖျော့ကလေး ဖြစ်သည်။ ဘယ်ဘက်လက်တွင် ပတ်ထားသော ရွှေရောင်နာရီနှင့် လိုက်ဖက်ခြင်း ရှိသည်။ အေးမြသော ကာလဖြစ်သော်လည်း သူက ရှပ်အင်္ကျီလက်တိုကို အပြာကလေးနှင့် ဖြစ်သည်။ သူက မှတ်တမ်းစာအုပ်ကြီးတွင် အတန်ကြာမျှ ရေးမှတ်နေသည်။ ပြီးမှ စာအုပ်ကြီးကိုပိတ်ပြီး လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ သူ၏ အတွင်းရေးမှူးက မှတ်တမ်းစာအုပ် လာယူသွားသည်။

သည်တော့မှ သူက ဆူဆန်ဘက်သို့ လှည့်ပြီး–

"မစ္စဝှီးလား မင်းကို ကျုပ်ရုံးခန်းထဲမှာ တွေ့လိုက်ရတော့ ကျုပ် အံ့သြ

သွားတာ အမှန်ပဲ"

ဒေါက်တာဟဲရစ်သည် ကုလားထိုင်နောက်မှီတွင် ဖြည်းဖြည်းကလေး မှီလိုက်သည်။ နောက်ဘက်မှ အလင်းရောင်ကြောင့် သူ့မျက်နှာကို ဆူဆန် ကောင်းစွာ မမြင်ရပါ။ သူ့အသံကတော့ အေးစက်သည်။ အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ပြီးမှ ဆူဆန်က–

"မနေ့က နာလန်ထဆောင်မှာ ဆရာကြီးကို ကျွန်မ မလေးမစား လုပ်မိ ရာကျရင် တောင်းပန်ပါတယ်။ ဆရာကြီးလည်း သတိထားမိပါလိမ့်မယ်။ မနေ့ကဟာ ကျွန်မရဲ့ ပထမဆုံး ဆေးရုံအတွေ့အကြုံပါပဲ။ ဆေးရုံရဲ့ သဘောကို ကျွန်မ ဘာမှ နားမလည်ပါဘူး။ နာလန်ထဆောင်ရဲ့ သဘော လည်း ဘာမှ နားမလည်ပါဘူး။ အဆိုးဆုံးကတော့ တိုက်ဆိုင်မှုကလေး တစ်ခုကလည်း ရှိသွားလို့ပါပဲ။ အဲဒီအချိန် မတိုင်ခင် နှစ်နာရီလောက်တုန်း က အဲဒီလူကို ကျွန်မ ကြည့်ခဲ့ရပါတယ်။ မခွဲစိတ်မီ လိုအပ်တဲ့ဆေးတွေ သွင်းပေးခဲ့ရပါတယ်"

ဆူဆန် ခေတ္တမျှ ရပ်လိုက်သည်။ သူ့ရှေ့မှ လူကြီးက တစ်စုံတစ်ရာ တုံ့ပြန်မှု ပြုချေမလားဟု အောက်မေ့မိသည်။ သို့သော် တစ်စုံတစ်ရာ တုံ့ ပြန်ခြင်း မရှိချေ။ ဆူဆန် ဆက်ပြောသည်။

"အဲဒီတုန်းက ကျွန်မတို့နှစ်ယောက်ပြောခဲ့ကြတဲ့ စကားတွေက သာမန်ဆရာဝန်နဲ့လူနာ ဆက်ဆံမှုမျိုးမကဘဲ ခွဲစိတ်ပြီး နောက်ပိုင်းမှာ ခင်မင်မှုနဲ့ တွေ့ဆုံကြဖို့ ကတိကဝတ် ထားခဲ့ကြပါတယ်"

ဆူဆန် ရပ်နားလိုက်ပြန်သည်။ ဒေါက်တာဟဲရစ် တိတ်ဆိတ်မြဲ တိတ် ဆိတ်နေသည်။

"ကျွန်မ အခုလို ပြောနေရတာက နာလန်ထဆောင်မှာ ဖြစ်ပျက်သွား တဲ့ ကိစ္စအတွက် အကြောင်းရင်းကို ရှင်းပြတာပါပဲ။ လူနာရဲ့ အဖြစ်ကို တွေ့လိုက်ရတော့ ကျွန်မ ကယောက်ကယက် ဖြစ်မိသွားတာ အမှန်ပါပဲ"

"မင်းတို့ မိန်းမတွေရဲ့ ဗီဇအတိုင်းပဲပေါ့"

သူက အပေါ်စီးမှ ပြောလိုက်သည်။

"ရှင်. . . ."

သူပြောသည်ကို ဆူဆန် သေသေချာချာ ကြားလိုက်သည်။ သို့သော်

ဟုတ်မှ ဟုတ်ရဲ့လားဟု ထင်မိသည်။

"မင်းတို့ မိန်းမတွေရဲ့ ဗီဇပဲပေါ့"

ဆူဆန် မျက်နှာရဲသွားသည်။

"ဆရာကြီး ပြောတာကို ကျွန်မ နားမလည်ဘူး"

"ကြားတဲ့ အတိုင်းပဲ နားလည်ပေါ့"

ဆူဆန် ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ထို့နောက်–

"ဒါဟာ မိန်းမတွေနဲ့ ပတ်သက်တဲ့ ဆရာကြီးရဲ့ သဘောထားဆိုရင်တော့ ကျွန်မ အပြစ်ရှိတယ်လို့ ပြောရမှာပေါ့။ ဒါပေမဲ့ ဒီလို အခြေအနေမျိုးမှာ ဘယ်သူပဲဖြစ်ဖြစ် စိတ်လှုပ်ရှားခံစားရမှာ အမှန်ပဲ။ ကျွန်မဟာ လုပ်ငန်း သဘောမပေါက်ဘူး ဆိုတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဒီနေရာမှာ ဆရာဝန်က ယောကျ်ားဖြစ်ပြီး လူနာက မိန်းမ ဖြစ်နေရင်လည်း ဒီအတိုင်းပဲ ဖြစ်မှာပါပဲ။ ဆေးကျောင်းသူတစ်ယောက်ဖို့ လူမဆန်ရဘူးဆိုရင်တော့ မဟုတ်ပါဘူး။ ယောကျ်ား ဆရာဝန်တွေဟာ မိန်းမသူနာပြုတွေကို ဆက်ဆံတဲ့ ပုံကိုလည်း ပြန်ပြီး ကြည့်စေချင်ပါတယ်။ ဒါပေမဲ့ ကျွန်မ ဒီကိုလာတာ ဒီကိစ္စအတွက် ဆွေးနွေးရအောင် လာတာ မဟုတ်ပါဘူး။ ကျွန်မ ဒီကိုလာတာ ဆရာကြီးကို မလေးမစား လုပ်လိုက်မိခဲ့တဲ့အတွက် တောင်းပန်ရအောင် လာတာပါ။ ကျွန်မဟာ မိန်းမတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အတွက် တောင်းပန်နေတာ မဟုတ်ပါဘူး"

ဆူဆန် ရပ်လိုက်ပြန်သည်။ တုံ့ပြန်မှုကို မျှော်လင့်သည်။ သို့သော် ဘာမှ မတုံ့ပြန်။ ဆူဆန် ဒေါသဖြစ်လာနေပြီ ဖြစ်သည်။

"ကျွန်မဟာ မိန်းမတစ်ယောက် ဖြစ်တဲ့အတွက် ဆရာကြီး စိတ်အနှောင့်အယှက် ဖြစ်နေတယ် ဆိုရင်တော့ ကျွန်မ ဘာမှ မတတ်နိုင်ပါဘူး"

ဆူဆန် ခပ်ပြတ်ပြတ်ပင် ပြောသည်။

"မင်းဟာ နောက်ထပ်တစ်ကြိမ် ကလေးကလားလုပ်နေပြန်ပြီ မိန်းကလေး"

ဆူဆန် မတ်တတ်ထလိုက်သည်။ ဒေါက်တာဟဲရစ်၏ မျက်နှာကို ငုံ့ပြီး ကြည့်နေသည်။ သူ့ဆံပင်များကို အလင်းရောင် ထိုးနေသည်။ ငွေလှိုင်းဇာခြည်များနှင့် တူနေသည်။

"ကျွန်မတို့ အခုလို တွေ့ကြတာ ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ ကျွန်မ လာမိတာ မှားပါတယ်။ ကျွန်မ ပြန်လိုက်ပါဦးမယ်"

ဆူဆန် လှည့်ထွက်သွားသည်။ အခန်းတံခါးကိုဆွဲဖွင့်သည်။

"မင်း ဘာကိစ္စလာတာလဲ"

ဆူဆန်သည် တံခါးလက်ကိုင်ကို လက်ဖြင့် ကိုင်ထားရင်း စင်္ကြံလမ်း တစ်လျှောက်ကို ကြည့်လိုက်သည်။ ဟဲရစ်၏ မွေးခွန်းနှင့်ပတ်သက်ပြီး စဉ်းစားနေမိသည်။

သူ ထွက်သွားရမလား၊ မသွားရဘူးလား ချိန်ဆသည်။ နောက်ဆုံးတွင် သူမသည် အခန်းတွင်းသို့ ပြန်လှည့်လိုက်ပြီး မေ့ဆေး ဆရာဝန်ကြီးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ပြီးခဲ့တဲ့ ကိစ္စတွေ ပြီးသွားအောင် တောင်းပန်ရအောင် လာခဲ့တာပဲ။ နောက်ပြီးတော့ ဆရာကြီးဆီက အကူအညီတစ်ခုများ ရမလားသို့ မျှော်လင့် ခဲ့ပါတယ်"

"ဘာအကူအညီလဲ"

သူ့အသံ အနည်းငယ် ပျော့သွားသည်။ ဆူဆန် တုံ့ဆိုင်းနေပြန်သည်။ ချိန်ဆနေသည်။ ပြီးမှ တံခါးကို ပြန်ပိတ်လိုက်သည်။ စောစောက သူမ ထိုင်ခဲ့သော ကုလားထိုင်ဆီသို့ ပြန်လျှောက်သွားသည်။ သို့သော် မထိုင် ပါ။

ဟဲရစ်ကို သူမ ကြည့်လိုက်သည်။ မိမိတွင် ဘာမှ ဆုံးရှုံးစရာ မရှိပါ။ သူ့အမူအရာ အဘယ်မျှပင် အေးစက်စေကာမူ မိမိ ပြောရန်လာသည့် ကိစ္စကို ပြောရပေမည်။

"မနှစ်က ဒီဆေးရုံကြီးမှာ ရက်ရှည်လများ မေ့မြောသွားတဲ့ လူနာ ခြောက်ယောက် ရှိတယ်လို့ ဆရာကြီး ပြောလိုက်တယ် မဟုတ်လား။ အဲဒီ အကြောင်းတွေကို ကျွန်မရဲ့ တတိယနှစ်စာတမ်းအဖြစ် ရေးမယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ ဆရာကြီး ပြောလိုက်တာ အမှန်ပဲ၊ မနှစ်က ခွဲစိတ် ကုသရင်း ရက်ရှည်လများ မေ့မြောသွားတဲ့လူနာ ခြောက်ယောက် ရှိတယ်။ ဒါပေမဲ့ ဒါတင်မကသေးဘူး၊ မနှစ်ကလည်း ဖျားနာဆောင်မှာ ဘာ ကြောင့်မှန်း မသိဘဲ ရတ်တရက် ကိုမာ ဖြစ်သွားတဲ့ လူနာငါးယောက်

ရှိသေးတယ်။ မနေ့ကပဲ လူနာ နှစ်ယောက် အသက်ရှုရပ်ပြီး သေသွားကြတယ်။ သူတို့ ဘာဖြစ်လို့ ဒီလို ဖြစ်ရတယ်ဆိုတာ ဘာမှ မှတ်တမ်း မရှိဘူး။ သူတို့ဆေးရုံကိုတက်ကာ အပယိက ကိစ္စလေးတွေနဲ့ပဲ။ တစ်ယောက်က သွေးပြန်ကြောရောင်လို့ ခြေထောက်ကို ခွဲရအောင်တက်ပြီး နောက်တစ်ယောက်က ဗဲနာဗ်ကြောရောဂါပဲ။ ယေဘုယျအားဖြင့် နှစ်ယောက်စလုံး ကျန်းမာရေးကောင်းတယ်၊ တစ်ယောက်ပဲ မျက်တွင်းဖိအားလွန်ရောဂါ ရှိတယ်။ သူတို့ဘာဖြစ်လို့ အသက်ရှုရပ်သွားတယ်ဆိုတာကို ဘာမှ မပြောနိုင်ဘူး။ ကျွန်မ စိတ်ထဲမှာတော့ သူတို့ဟာ အခြားကိုမာကိစ္စတွေနဲ့ ဆက်စပ်နေလိမ့်မယ်လို့ ထင်တယ်။ နောက်တစ်မျိုးပြောရရင်တော့ တစ်မျိုးတည်း ထားနိုင်မယ့် ကေ့စ်ဆယ့်နှစ်ခု ရှိနေတယ်။ အဲ. . .ဘားမင်းလည်း ဒီအတိုင်းပဲ ဖြစ်သွားမယ် ဆိုရင်တော့ ဆယ့်သုံးယောက် ဖြစ်သွားမှာပေါ့။ အဆိုးဆုံးကတော့ ဒီလိုဖြစ်ရတဲ့ ကိစ္စမျိုးတွေ တဖြည်းဖြည်း များလာနေတာပဲ။ အထူးသဖြင့် မေ့ဆေးပေးထားတဲ့ အတွင်းမှာ ဖြစ်တာပေါ့။ နောက်ပိုင်းမှာ ကေ့စ်တစ်ခုပြီးတစ်ခု ဖြစ်တာကလည်း ဆက်လာတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ဒီပြဿနာကို စုံစမ်းလေ့လာဖို့ ကျွန်မ ဆုံးဖြတ်ထားတယ်။ အဲဒီလို စုံးစမ်းလေ့လာမှု လုပ်တဲ့နေရာမှာလည်း ဆရာကြီးတို့လို ဆရာဝန်ကြီးတွေဆီက အကူအညီအများကြီး လိုအပ်တယ်။ ကွန်ပျူတာစာရင်းတွေကို တရားဝင် ကြည့်ခွင့်ရဖို့ လိုမယ်၊ လူနာမှတ်တမ်းတွေကို ကြည့်ခွင့်ရဖို့ လိုမယ်”

ဒေါက်တာဟဲရစ် ရှေ့သို့ ကုန်းငုံ့လိုက်ပြီး သူ၏လက်နှစ်ဖက်ကို စားပွဲပေါ်သို့ ဖြည်းလေးစွာ တင်လိုက်သည်။

“ဒီလိုဆိုရင် ဖျားနာဆောင်မှာလည်း ပြဿနာတွေ ရှိနေတာပဲပေါ့။ ဂျယ်ရီနယ်လ်ဆင်က ဘာမှ မပြောပါကလား”

သူ တီးတိုး ရွတ်ဆိုလိုက်သည်။ ထို့နောက် ဆူဆန့်ကို မော့ကြည့်လိုက်ပြီး ခပ်ကျယ်ကျယ် ပြောသည်။

“မစ္စဝှီးလား၊ မင်းဟာ ကိုယ့်ဒုက္ခကိုယ်ရှာတာပဲ။ ဆေးကျောင်းသူလေး တစ်ယောက်က ဆေးဘက်ဆိုင်ရာ လက်တွေ့ သုတေသနလုပ်ငန်းကြီး တစ်ခုကို လုပ်မယ်ဆိုတာ အဆန်းပဲ။ ဒါပေမဲ့ ဒီကိစ္စဟာ မင်းနဲ့ ဘယ်လို

မှ မအပ်စပ်တဲ့ ကိစ္စပဲ။ ကိုမာပြဿနာဟာ မင်းထင်တာထက် အများကြီး ကျယ်ဝန်းတယ် မစ္စဝီးလား။ မင်းကို ကျုပ်အကြံဉာဏ်ပေးရမယ်ဆိုရင် မင်းရဲ့ တတိယနှစ်စာတမ်းအတွက် လက်တွေ့ဖြစ်နိုင်တာ တစ်ခုခုကို လုပ်ပါ။ မင်းကို ကူညီဖို့ဆိုတဲ့ ကိစ္စမှာလည်း ပြောရရင် ကျုပ်မှာ အချိန် မရှိဘူး။ နောက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ဆေးလောကမှာ မိန်းမတွေကို ကျုပ် မမျှော်လင့်ဘူး"

ထို့နောက် ဒေါက်တာဟဲရစ်က ဆူဆန်ကို လက်ညှိုးငေါက်ငေါက် ထိုးလျက်–

"မိန်းမတွေက ဆေးလောကကို ကစားစရာလောက်ပဲ သဘောထားတယ်။ ပေါ်ပင်လောက်ပဲ အောက်မေ့တယ်။ နောက်ပြီးတော့ သူတို့စိတ်က"

"တော်ပါတော့ ဒေါက်တာဟဲရစ်"

ဆူဆန် အော်လိုက်သည်။ ကုလားထိုင်ကို မလိုက်ပြီး ဆောင့်ချလိုက်သည်။

"ကျွန်မ ဒီကိုလာတာ မဟုတ်တမ်းတရမ်းတွေ နားထောင်ရအောင် မဟုတ်ဘူး။ ဒေါက်တာတို့ရဲ့ အတွေးအခေါ်တွေက ခေတ်မမီတော့ဘူး။ ခေတ်ကြီးပြောင်းလဲနေတာကို ဆရာကြီးတို့ မသိဘူး"

ဒေါက်တာဟဲရစ်က စားပွဲကို လက်ဝါးဖြင့် ပုတ်လိုက်သည်။ စာရွက်တွေ၊ ခဲတံတွေ လွင့်ထွက်ကုန်သည်။ စားပွဲ၏ နောက်ဘက်တွင် ထိုင်နေရာမှ ဆူဆန်၏ အနီးသို့ ဝုန်းခနဲ ရောက်ရှိလာသည်။ သူ့မျက်နှာကြီးက ဆူဆန် ၏ မျက်နှာနှင့် ထိလုမတတ် ရှိသွားသည်။

"မစ္စဝီးလား၊ မင်းဟာ ကိုယ့်နေရာကိုယ် မသိတဲ့ မိန်းကလေးတစ်ယောက်ပဲ။ မင်းဟာ ဒီဆေးရုံကြီးမှာ လာပြီး နှောင့်ယှက်နေတာပဲ။ အေး . . . .အဲဒီအတွက် ဒီဆေးရုံကြီးက ၂၄ နာရီအတွင်း ထွက်သွားရမယ်။ လောလောဆယ် ကျုပ်အခန်းထဲက မင်းထွက်သွားပါ"

ဆူဆန် နောက်သို့ ဆုတ်သွားသည်။ ဒေါသအိုး ပေါက်ကွဲနေသော လူကြီးကို ကျောမပေးရဲပါ။ တံခါးကိုဖွင့်ပြီး ဆူဆန် ပြေးထွက်သွားသည်။ သူမ၏ မျက်လုံးတွင် ထိတ်လန့်မှုနှင့် ဒေါသတို့ကြောင့် မျက်ရည်များ ရစ်ဝဲလာတော့သည်။

ဒေါက်တာဟဲရစ်သည် တံခါးကို တအားကြီးကန်ပြီး ပိတ်လိုက်သည်။ ထို့နောက် တယ်လီဖုန်းကို ကောက်ယူလိုက်သည်။ ဆေးရုံအုပ်ကြီးထံ အမြန်ဆုံး ဆက်ပေးရန် အတွင်းရေးမှူးကို ပြောလိုက်သည်။

■